မြို့တောကျေးရွာ

ငွေတောင်ကျေးရွာအုပ်စု၊ ပုသိမ်ကြီး မြို့နယ်

မန္တလေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

# (ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မြို့တောကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုသိမ်ကြီးမြို့နယ်၏ အကူအညီဖြင့်ရေးဆွဲပါသည်။)

စက်တင်ဘာလ၊ ၂၀၁၈

# မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

**(င) ပညာရေး**

**(စ) ကျန်းမာရေး**

**(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

(**ဇ**) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

မြို့တောကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ငွေတောင်ကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိသည်။မြို့တောကျေးရွာသည်မြောက်လတ္တီကျု(၂၁° ၅၄ ´ ၅၂.၂၄") နှင့် အရှေ့လောင်ဂျီကျု ( ၉၆ ၁၁ ´ ၂၅.၉၃") ကြားတွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင် အထက် (၂၄၅)ပေတွင်တည်ရှိပါသည်။မြို့တောကျေးရွာ၏မြေမျက်နှာသွင်ပြင်မှာညီညာပြန့်ပြူးသော မြေပြန့်အနေ အထားဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

မြို့တောကျေးရွာသည် နှစ်စဉ်ဒီဇင်ဘာလအထိ ပျှမ်းမျှ မိုးရွာရက်(၆၂)ရက်ရှိပြီး ပျှမ်းမျှ မိုးရေချိန် (၅၉)လက်မရှိပါသည်။ နှစ်စဉ်အနိမ့်ဆုံးအပူချိန် ၂၅°C မှ အမြင့်ဆုံးအပူချိန် ၃၈°C အထိရှိပါသည်။ စပါး စိုက်ပျိုးနိုင်သောလယ်(၂၅၀)ဧက ရှိပြီး နွေစပါးနှင့် မိုးစပါးနှစ်သီးစိုက်ပျိုးနိုင်ပါသည်။စိုက်ပျိုးရေး လုပ်ကိုင်ရန် အတွက် ဆည်ရေကို အဓိကအသုံးပြုပါသည်။

## ၃။ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်ဖွံ့ဖြိုးရေးလုပ်ငန်း၊အများနှင့်ဆိုင်သောသာရေးနာရေးလုပ်ငန်းကိစ္စများတွင်ဝိုင်းဝန် ဆောင်ရွက်ကြပါသည်။ အမျိုးသမီး/သားလူငယ်အဖွဲ့၊ ပရဟိတအဖွဲ့၊ ဘာသာရေးအဖွဲ့ ၊ရပ်မိရပ်ဖအဖွဲ့၊ ဂေါပက အဖွဲ့လျှပ်စစ်မီးကောက်ခံရေးအဖွဲ့တို့ဖြစ်သည်။ကျေးရွာတွင်သာရေး၊နာရေး၊လူမှုရေး ကိစ္စကြီးငယ်ပေါ်ပေါက် လျှင် ရွာသားများစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါသည်။ ခြုံငုံ၍ သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများနှင့် ကျေးရွာဖွံ့ဖြိုးရေးကိစ္စများ ဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်း ထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက် နိုင်မည့် အဖွဲ့အစည်းစနစ်မရှိပါ။

### (ခ)စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ ကျေးရွာတွင် စပါး စိုက်ပျိုးမြေ(၂၅၀)ဧကရှိပြီး၊ နှစ်စဉ် ကျေးရွာမှမိုးစပါးတင်းရေ(၁၆၂၅၀)နှင့် နွေစပါးတင်းရေ(၁၅၀၀၀) ခန့်ထွက်ရှိသည်။ စပါးစိုက်ပျိုးရာတွင် ကြဲပက်စံနစ်ဖြင့် စိုက်ပျိုးလေ့ရှိပါသည်။ နွေစပါးကို **တန်ခူးလမှာ စိုက်ပျိုး၍ဝါဆိုလတွင် ရိတ်သိမ်းကြပါသည်။** နွေစပါးအထွက်နှုန်းမှာ သွင်းအားစုပြည့်စုံစွာ ထည့်သွင်း

**ပါသည်။** မိုးစပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၈၀)တင်း ဖြစ်သည်။ အခြားသီးနှံအဖြစ် သရက်စိုက်ပျိုး ပါသည်။ သရက်အထွက်နှုန်းမှာ တစ်ဧကလျှင် ပျမ်းမျှ(၁၃၀)ပင် ထွက်ရှိပြီး တစ်ဧကအများဆုံးအထွက်နှုန်း (၁၄၀)ပင်မှ အနည်းဆုံး(၁၂၀)ပင်ရှိပါသည်။

စပါးနှင့် သရက်သီးရောင်းချမှုမှာ ဈေးကောင်းမရသောကြောင့် လယ်သမားများ အကျိုးအမြတ်ရရှိမှု အသင့်အတင့်သာ ရှိပါသည်။ မိရိုးဖလာစိုက်ပျိုးလာသော စပါးကိုသာ စိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင် သီးနှံရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှုမှဝင်ငွေနည်းသည့်အတွက် လူငယ်များသည်ကျေးရွာ ပြင်ပသို့ထွက်၍ ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့်သီးနှံထုတ်လုပ်မှုတွင်လုပ်သားရှားပါးလာပါ သည်။

ဆည်မြောင်းရေရရှိခြင်းသည် သီးထပ်စိုက်ပျိုးထုတ်လုပ်ရန် အခွင့်အလမ်း ကောင်းတစ်ခု ဖြစ်သည်။ သို့သော် သီးနှံထုတ်ကုန်များအတွက် ဈေးကွက်အချိတ်အဆက်နှင့် ရောင်းချရေးစနစ်များ ဖွံ့ဖြိုးရေးအတွက် ကျေးရွာလူထုက စွမ်းဆောင်နိုင်ခြင်းမရှိပါ ။

အခြားသား ငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့် ကျေးရွာမှ အိမ်ထောင်စုများသည် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ကိုင်မှု လုံးဝမရှိသည်ကို တွေ့ရှိရပါသည်။

မွေးမြူရေးကဏ္ဍအနေဖြင့် ကျေးရွာတွင် ကြက်နှင့်နွားကို အဓိကမွေးမြူကြပြီး ကြက်အကောင်ရေ (၃၀)၊နွားအကောင်ရေ(၂၉)မွေးမြူထားသည်ကိုတွေ့ရှိရပါသည်။အခြားတိရစ္ဆာန်များအနေဖြင့် ဝက်အကောင် ရေ (၁၀)၊ နို့စားနွား(၂၄)ကောင်နှင့် ကျွဲ(၄)ကောင် မွေးမြူထားပါ သည်။

**(ဂ)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

ကျေးရွာတွင် အိမ်ထောင်စု၅၉%ခန့်သည် ကိုယ်ပိုင်ရေတွင်း များသုံးစွဲနိုင်ကြသည်။ ကျေးရွာတွင် ကျေးရွာသားများအားလုံးသည် သန့်ရှင်းသော သောက်သုံးရေသုံးစွဲနိုင်ရန် ကိုယ်ပိုင် ရေတွင်းများမှ ရေနှင့် သောက်ရေသန့်ဘူးကို အသုံးပြုကြပါသည်။ တစ်အိမ်ထောင်လျှင် သောက်ရေသန့်ဘူး ဝယ်ယူသုံးစွဲခြင်း အတွက် တစ်လလျှင် (၇၀၀၀)ကျပ်ခန့် ငွေကြေးကုန်ကျမှုရှိပါသည်။

ကျေးရွာတွင် မူလတန်း ကျောင်းရှိပါသည်။(၀ မှ ၁ မိုင်) မိုင်ခန့်ဝေးသော ကျေးရွာရှိ မူလတန်း ကျောင်းတွင် သွားရောက်ပညာသင်ကြားကြပါသည်။ အထက်တန်းကျောင်းပညာရေးအတွက် ကျေးရွာမှ တစ်မိုင်ခန့်ကွာဝေးသော ကျောက်မီးကျေးရွာသို့ သွားရောက်ပညာသင်ကြားကြပါသည်။ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ကျေးရွာမှတစ်မိုင်ခန့်ကွာဝေးသော ငွေတောင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဌာနခွဲသို့ သွားရောက်ကုသမှုခံကြရပါသည်။

ကျေးရွာတွင်အိမ်ထောင်စု ၁၇၅ စုမှာ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပါသည်။ အိမ်ထောင်စု ၁၅စုမှာဆိုလာစနစ်ဖြင့်

လျှပ်စစ်မီးသုံးစွဲလျက်ရှိကြောင်း၊လေ့လာသိရှိရပါသည်။အိမ်ထောင်စု ၂ စုမှာ ဒီဇယ်သုံး အင်ဂျင်ဖြင့် လျှပ်စစ်မီး အသုံးပြုလျက် ရှိကြောင်း လေ့လာ တွေ့ရှိ ရပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးရေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက်လိုအပ်သောချေးငွေကိုမိုးစပါး စိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဧကလျင်(၁၅၀၀၀၀) ကျပ်နှုန်းဖြင့် ငွေ ထုတ်ချေးပါသည်။ တောင်သူလယ်သမားများသာမကဘဲ အခြားအသေးစား စီးပွားရေးလုပ်ငန်းများ ထူထောင်ရန် (ဥပမာ- တစ်နိုင်တစ်ပိုင်မွေးမြူရေး၊အရောင်းအဝယ်) ချေးငွေဝန်ဆောင်မှုများ လိုအပ် ပါသည်။

## (င) ပညာရေး

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာ ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသား အများစုသည်အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ် ပညာရပ်များဖြင့် ဘွဲ့ရသူများလည်းရှိပါသည်။ ကျေးရွာတွင်အခြေခံ ပညာ မူလတန်း ကျောင်း ရှိသောကြောင့် ရွာရှိကလေးများ မိမိရွာတွင်သာ အေးအေးဆေးဆေး ပညာသင်ကြားနိုင်ပါသည်။ စာသင်ကျောင်းတွင် ဆရာ/ ဆရာမ လုံလောက်မှုရှိသော်လည်း စာသင်ကျောင်းဆောင်မှာ မျက်နှာကျက်တပ်ဆင်ရန်လိုအပ်ပါသည်။ အသက်မွေး ဝမ်းကျောင်းကျွမ်းကျင်မှု သင်တန်းများလက်လှမ်းမမီသောကြောင့် လူငယ်များမှာအသက်မွေး ဝမ်းကျောင်း ပညာနိမ့်ကျဆဲဖြစ်ပြီး ၎င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

## (စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်ပြီး လူငယ်၊လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ စပါး စိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင်အထိုက်အလျောက် အဆင်ပြေခြင်း၊ မိသားစုများဝမ်းစာအတွက် နေ့စဉ်ဝင်ငွေ အသင့်ရှိသော ကြောင့် ကျေးရွာအိမ်ထောင်စုဝင်များ ကလေးသူငယ်များ အပါအဝင် ယေဘုယျအားဖြင့် အာဟာရဓာတ် ချို့တဲ့မှုမရှိကြပါ။ အမျိုးသမီးများအတွက် ကျန်းမာရေး စောင့်ရှောက်မှုကို ကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမှရရှိကြသည်။ကျန်းမာရေးစောင့်ရှောက်ခြင်း ဝန်ဆောင်မှုများရရှိကြပါသည်။ ကလေးသူငယ်များ အတွက်ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှနှစ်စဉ်ဆောင်ရွက် ပေးပါသည်။

## (ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာမှလယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း ၊ ဓါတုဗေဒကွန်ပေါင်းမြေသြဇာများ အသုံး ပြုသော်လည်းသဘာဝသစ်ဆွေးမြေသြဇာများအတတ်နိုင်ဆုံးထည့်သွင်းခြင်းတို့ကြောင့် မြေဆီလွှာ ပျက်ယွင်းမှု မရှိ သ လောက် ဖြစ်ပါသည်။ တီဘီရောဂါ တခြားသူများသို့ ကူးစက်နိုင်ရန် အလားအလာ အနည်းငယ် ရှိသည်။ ပိုးသတ်ဆေးများ အသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါး ရေးအတွက်၊ ဘေးကင်းလုံခြုံမှု ရှိရန် လမ်းညွှန်ချက်များကိုလိုက်နာ ဆောင်ရွက်ခြင်းတွင် အားနည်းသေးကြောင်းတွေ့ရှိရပါသည်။ စိုက်ပျိုးရေး လုပ်ငန်းအတွက် ရေရရှိရန် အနည်းငယ်အခက်အခဲရှိနိုင်ပါသည်။

## (ဇ)ကျား – မ ရေးရာ

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ အမျိုးသားများသည်လယ်ထွန်ခြင်း စသည့် လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော်များတွင် (ရှင်ပြုအလှူပွဲများကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်း ဆရာတော်၏ဦးဆောင်မှုဖြင့် တရားပွဲများကျင်းပခြင်း) အမျိုးသမီးများသည် အမျိုးသားနှင့်အတူပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်းတွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေးရှိပါသည်။

## ၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ကျေးရွာတွင်းလမ်းများကွန်ကရစ်လမ်းခင်းခြင်း | ၁ |
| ၂ | အခြေခံအဆောက်အဦ | ရေသန့်စက်တပ်ဆင်ခြင်း | ၂ |
| ၃ | အခြေခံအဆောက်အဦ | အမှိုက်မီးရှို့ရန် လောင်စာတိုက်ဆောက်လုပ်ခြင်း | ၃ |
| ၄ | ပညာရေး | စာသင်ကျောင်း မျက်နှာကျက်တပ်ဆင်ခြင်း | ၄ |
| ၅ | အခြေခံအဆောက်အဦ | အမှိုက်သိမ်းကားဝယ်ယူခြင်း | ၅ |
| ၆ | အခြေခံအဆောက်အဦ | ရေပိုက်လိုင်း သွယ်တန်းခြင်း | ၆ |
| ၇ | | | |

**နောက်ဆက်တွဲ (၁)**

**ဖွံ့ဖြိုးရေးဗျူဟာ ဇယား**

| **ပြဿနာ** | **ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်** | **ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ** | **ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ** | **ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ** | **ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း** |
|---|---|---|---|---|---|
| **ကဏ္ဍ - အခြေခံအဆောက်အဦ** | | | | | |
| ရွာတွင်းလမ်း မကောင်းခြင်း။ | လမ်းတွင်ချိုင့်ခွက်များရှိနေခြင်း၊ မိုးရာသီတွင် ရေဝပ်ခြင်း၊ လမ်းဘေးအိမ်များရေဝင်ခြင်း။ | နဂိုလမ်းမှာ ကျောက်အမာခံရှိခြင်း၊ ကျေးရွာသူ / သားများမှ လုပ်အားပေးလိုစိတ်ရှိခြင်း။ | လမ်းပြုပြင်ရန် ငွေကြေးမပြည့်စုံခြင်း။ | နိုင်ငံတော်မှ ရွာတွင်းလမ်းအတွက် ငွေကြေးထောက်ပံ့ခြင်း။ | ကျေးရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းခြင်း။ |
| လူတန်းစေ့ သန့်ရှင်းသောသောက်သုံးရေ လွယ်ကူစွာ ရရှိရန် ။ ရေအရင်းအမြစ်နှင့် လွယ်ကူစွာ | သန့်ရှင်းသောရေ မရရှိခြင်း ။<br><br>ရေကို အိမ်တိုင်ရာရောက်သွယ်တန်းရန် ခက်ခဲခြင်း ။ | ရေသန့်စက်ထားရှိရန် မြေနေရာ ရှိခြင်း။<br><br>ကျေးရွာမှ ထည့်ဝင်ငွေ ရရှိနိုင်ခြင်း။ | ရေသန့်စက်တပ်ဆင်ရန် ငွေကြေး၊ နည်းပညာနှင့် ဗဟုသုတ အသိအမြင် မရှိခြင်း။ ရေပိုက်သွယ်တန်းရန် | ကျွမ်းကျင်ပညာရှင်များနှင့် ချိတ်ဆက်၍ လိုအပ်သော နည်းပညာနှင့်စက်ကိရိယာများ အသုံးပြုဆောင်ရွက်သွားရန်။ | ရေသန့်စက် တပ်ဆင်ခြင်း။<br><br>ရေပိုက်လိုင်း သွယ်တန်းခြင်း။ |

| | | | | | |
|---|---|---|---|---|---|
| လက်လှမ်းမှီမှု မရှိခြင်း ။ | | သောက်သုံးရေ ပေါများခြင်း။ | ငွေကြေး၊ နည်းပညာနှင့် ဗဟုသုတ အသိအမြင် မရှိခြင်း။ | သက်ဆိုင်ရာ ဌာနအကူ အညီများဖြင့် အတူ တကွဆောင်ရွက်ရန်။ | |
| အမှိုက်စွန့်ပစ်ရန် နေရာအခက် အခဲ ရှိခြင်း။ | စနစ်တကျ အမှိုက် စွန့်ပစ်မှုမရှိသဖြင့် အနံ့အသက် ဆိုးများ ကြောင့် ကျန်းမာရေး ပြဿနာ များဖြစ်နိုင်ခြင်း။ | ကျေးရွာမှ လှူဒါန်းငွေ ထည့်ဝင်နိုင်ခြင်း။ | အမှိုက်ကားဝယ်ယူရန် ငွေကြေးလုံလောက်မှု မရှိခြင်း ။ | အမှိုက်သယ်ယာဉ်အတွက် လုပ်သားများစနစ်တကျ ဖွဲ့စည်းပေးခြင်း။ | အမှိုက်မီး ရှို့ရန် လောင်စာတိုက် ဆောက်လုပ်ခြင်း ။<br><br>အမှိုက်သိမ်းကား ဝယ်ခြင်း။ |
| **ကဏ္ဍ - ပညာရေး** | | | | | |
| စာသင်ကျောင်း ဆောင်မျက်နှာ ကျက်တပ်ဆင် နိုင်ခြင်းမရှိခြင်း။ | စာသင်ကျောင်း ဆောင်မျက်နှာကျက် တပ်ဆင် ထားခြင်းမရှိသော ကြောင့် ကျောင်းသား/ သူများ စာသင်ရာတွင် ပူအိုက်၍ပင်ပန်းနွမ်း နယ်ခြင်း။ | ကျေးရွာမှလုပ်အားဖြင့် ကူညီဆောင်ရွက် နိုင်ခြင်း။ | မျက်နှာကျက်တပ်ဆင် ရန်ငွေကြေးလုံ လောက်မှုမရှိခြင်း။ | ကျေးရွာလူထုနှင့်ရပ်မိ/ဖ တို့ပူးပေါင်းဆောင်ရွက် သွားရန်။ | စာသင်ကျောင်းဆောင် မျက်နှာကျက်တပ်ဆင် ခြင်း။ |

ကျေးရွာတွင် အဓိကလိုအပ်ချက်အဖြစ် အခြေခံအဆောက်အဦများ တိုးတက်ရန်လိုအပ်လျက် ရှိပါသည်။ ကျေးရွာတွင်းလမ်းများ ကောင်းမွန်လာခြင်းဖြင့် ကျေးရွာမှ သီးနှံထွက်ကုန်များ အလွယ်တကူဈေးကွက်သို့ ဖြန့်ဖြူးနိုင်မည်ဖြစ်ပြီး ပညာရေး ၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူလျှင်မြန်စွာ သွားလာဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ စွန့်ပစ်အညစ်အကြေးများအား စနစ်တကျစီမံခန့်ခွဲ ပေးခြင်းဖြင့် ကျေးရွာစည်ပင်သာယာပြီး ရောဂါဘယကင်းဝေးပြီး ကျန်းမာပျော်ရွှင်စွာ နေထိုင်နိုင်မည် ဖြစ်ပါသည်။ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းအားဖြင့် ရေဝပ်ခြင်း၊ ခြင်ပေါက်ပွားခြင်းနှင့် အနံ့အသက်ဆိုးများ ထွက်ရှိခြင်းမှ ကာကွယ်နိုင်ပြီး ခြင်နှင့် ပတ်သက်သည့် ရောဂါများ ဖြစ်ပွားခြင်းမှလည်း ကာကွယ်နိုင်မည် ဖြစ်ပါသည်။ စာသင်ကျောင်းဆောင် မျက်နှာကျက် တပ်ဆင်ပေးခြင်းအားဖြင့် ကျောင်းသား၊ကျောင်းသူများ ပူအိုက်နွမ်းနွယ်မှု ကင်းဝေးပြီး သက်တောင့်သက်သာဖြင့် စာသင်ကြားနိုင်မည် ဖြစ်ပါသည်။

# ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၅ | ၁၀ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၄၉ | ၃၃ | ၈၂ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၇ | ၅၃ | ၁၀၀ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၉ | ၃၁ | ၈၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၉၂ | ၄၂၁ | ၈၁၃ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၀ | ၁၃ | ၂၃ |
| **စုစုပေါင်း** | | **၅၅၃** | **၅၅၅** | **၁၁၀၈** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၃၁၆** | | |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားပါသည်။ နို့စို့အရွယ် ကလေးငယ် အနည်းငယ်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။** သက်ကြီးရွယ်ကြီး အရွယ်နည်းပါး**သောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအားနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။**

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

**ဇယား (၂)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၂၅၀ | သင့် | ရ | ဆည်ရေ ၊ ချောင်း |
| ယာမြေ | ၈၈ | သင့် | အနည်းအကျဉ်း | မိုးရေ |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| စုစုပေါင်း | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ လယ်မြေ ၏ မြေဆီလွှာ အရည်အသွေးမှာ သင့်တင့်ပြီး လိုအပ်သောရေကို ဆည်ရေ၊ ချောင်း တို့မှ ရရှိပါသည်။ ယာမြေ၏ မြေဆီလွှာ အရည်အသွေး မှာလည်း သင့်တင့်ပြီး လိုအပ်သောရေကို မိုးရေကိုသာ အဓိကထားရသောကြောင့် ရေရရှိမှု အနည်းငယ် ခက်ခဲနိုင်ပါသည်။

## (၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဂအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | နည်း | ခက် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | နည်း | ခက် |
| ပျှမ်းမျှအပူချိန် –၃၀°C | ပျှမ်းမျှ မိုးရေချိန် –၅၉လက်မ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင် ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည်တို့မှာ ရရှိနိုင်မှုနည်းပါးပြီး အသုံးပြုနိုင်မှုအခြေအနေမှာ ခက်ခဲပါသည်။ အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက်

အသုံးဝင်သော)စသည်တို့မှာ ခက်ခဲကြောင်းတွေ့ရှိရပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အမျိုးသား/ သမီး ပရဟိတ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၂ | ဂေါပကအဖွဲ့ | ၁☐ ၂☐ ၃☑ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၃ | ရပ်မိရပ်ဖအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☑ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၄ | နာရေး အသင်း | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၅ | မီးသတ်အဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | |
| ၆ | သမအသင်း | ၁☑ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |
| ၇ | အလိုင်းရှင်း | ၁☑ ၂☐ ၃☐ | ပညာရေး☐ငွေကြေး☑<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ | |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | | | လုံခြုံရေးနှင့် ကာကွယ်ရေး☐ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ကျေးရွာရှိ အဖွဲ့အစည်းများမှာ စည်းစည်း လုံးလုံး ဖြင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာသူ/သားများ၏ ကျေးရွာဖွံ့ဖြိုးရေး လုပ်ဆောင်မှု အားကောင်းကြောင်းတွေ့ရှိရပါသည်။ ထို့အတွက်ကြောင့်ကျေးရွာဖွံ့ဖြိုးမှုကောင်းရန် အလားအလာ ရှိကြောင်းလည်းတွေ့ရှိရပါသည်။

## (၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅)ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀-၅ | ၅-၃ | ၃-၁ | |
| အိမ်အခြေအနေ | နံကပ်နှစ်ထပ် | သွပ်မိုးထရံကာ နှစ်ထပ် | မြေစိုက်ထရံကာ တစ်ထပ် | |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကားတစ်စီး ထော်လာဂျီတစ်စီး | ထော်လာဂျီတစ်စီး | ဆိုင်ကယ် ၁-၂စီး | စက်ဘီး ဆိုင်ကယ်တစ်စီး |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူကြီး | တောင်သူ | ကျပန်း/ ပန်းစိုက်ပျိုးရေး | ကျပန်း |
| အိမ်ထောင်စု | ၉၀ | ၇၇ | ၇၆ | ၇၃ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု များပြားပြီးအဆင်ပြေသော အိမ်ထောင်စု၏ အဓိကစီးပွားရေး လုပ်ငန်းမှာ တောင်သူကြီးဖြစ်ပါသည်။ အလယ်အလတ်ရှိ သောအိမ်ထောင်စု၊ မပြေလည်သော အိမ်ထောင်စု၊ အလွန်မပြေလည်သော အိမ်ထောင်စု တို့၏ အရေအတွက်မှာ ကွာဟမှု ကျဉ်းမြောင်းကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား** (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု<br>အရွယ်အစား | အိမ်ထောင်စု<br>အရေအတွက် | အိမ်ထောင်စု<br>% | ဖွံ့ဖြိုးရေးအမြင်<br>သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၈၃ | ၅၇.၉၁% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ် တာထိ) | ၈၆ | ၂၇.၂၁% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၃၁ | ၉.၈% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား<br>( ၅ဟတ်တာထိ) | ၁၃ | ၄.၁၁% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက်<br>(၁၂.၅ဟတ်တာနှင့်အထက်) | ၃ | ၀.၉၅% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု<br>စုစုပေါင်း | ၃၁၆ | | |

**ရင်းမြစ်** …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။** ။ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု **အခြေအနေတွင် မြေယာမဲ့အိမ်ထောင်စုများမှာ** ၁၈၃ အိမ်ထောင်စု (၅၇.၉၁%)**ရှိသဖြင့် ထက်ဝက်သို့ကျော်လွန်ကြောင်း လေ့လာတွေ့ရှိရပါသည်။ တောင်သူကြီး နည်းပါးကြောင်းလည်းလေ့လာတွေ့ရှိရပါသည်။**

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ)<br>ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး | ၂၅၀ | တင်း | ၆၀ | ၇၀ | ၆၅ | |
| သရက် | ၂၀ | ပင် | ၁၂၀ | ၁၄၀ | ၁၃၀ | |
| | | | | | | |
| | | | | | | |

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| | | | | | | |
| | | | | | | |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ စပါးစိုက်ဧကစုစုပေါင်း ၂၅၀ဧကရှိပြီး တစ်ဧကအနည်းအထွက်နှုန်းမှာ တင်း၆၀၊အများဆုံးတင်း၇၀နှင့်ပျှမ်းမျှ ၆၅တင်းခန့်ရှိကြောင်း တွေ့ရှိရပါသည်။ သရက်စိုက်ဧက စုစုပေါင်း ၂၀ဧကခန့်ရှိပြီး တစ်ဧကအနည်းအထွက်နှုန်းမှာ အပင် ၁၂၀၊ အများဆုံး အပင် ၁၄၀ နှင့် ပျှမ်းမျှ အပင်၁၃၀ခန့်ရှိကြောင်း တွေ့ရှိရပါသည်။**

## (၄.၃) မွေးမြူရေးလုပ်ငန်း

**ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၁၁ | ၂၉ |
| **နို့စားနွား** | ၇ | ၂၄ |
| **ကျွဲ** | ၁ | ၄ |
| **မြင်း** | | |
| မြည်း | | |
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၅ | ၁၀ |
| ကြက် | ၃ | ၃၀ |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။ လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နွားမွေးမြူသောအိမ်ထောင်စု ၁၁ စုတွင် နွားအကောင်ရေ ၂၉ကောင်မွေးမြူထားကြောင်း၊နို့စားနွား မွေးမြူထားသောအိမ်ထောင်စု ၇ စု တွင် အကောင်ရေ ၂၄ကောင်၊ ကျွဲမွေးမြူသော အိမ်ထောင်စု ၁ စုတွင် အကောင်ရေ ၄ ကောင်၊ ဝက်မွေးမြူသော အိမ်ထောင်စု ၅ စုတွင် အကောင်ရေ ၂၀၊ ကြက်မွေးမြူသောအိမ်ထောင်စု ၃ စုတွင် အကောင်ရေ ၃၀ခန့်မွေးမြူထားကြောင်း လေ့လာတွေ့ရှိရပါသည်။**

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| **စဉ်** | **လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု)** | **လုပ်ငန်း အရေအတွက်** | **ဝန်ထမ်း / အလုပ်သမား အရေအတွက်** | **မိသားစု ဝင် လုပ်အား** | **ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ် ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၄ | ၄၀ | ၈ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ) | ၂ | ၂၀ | - | မြင့် |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၁ | | ၃ | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | ၂ | | ၂ | လတ် |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန် ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၁ | ၅ | | လတ် |

| | | | | | |
|---|---|---|---|---|---|
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ( အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ | | | | |

**ရင်းမြစ်** … **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း အရေအတွက်၄ခု ရှိပြီး လုပ်သားဝန်ထမ်း၄၀ယောက်၊မိသားစုဝင်လုပ်အား၈ယောက်ရှိပြီး ရပ်တည် နိုင်မှု အလယ်အလတ်တွင်ရှိပါသည်။ လက်လီလက်ကားရောင်းဝယ်မှု လုပ်ငန်းအရေအတွက် ၅ခုနှင့် လုပ်သားဝန်ထမ်း ၁၀ယောက်ရှိပြီး ရပ်တည်နိုင်မှု အလယ်အလတ်တွင်ရှိပါသည်။** ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ)လုပ်ငန်းအရေအတွက် ၂ ခုရှိပြီးလုပ်ကိုင်သူဝန်ထမ်းအရေအတွက်၂၀ယောက်ရှိပြီး ရပ်တည်နိုင်မှု မြင့်မားပါသည်။ ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း**အရေအတွက် ၂ခုနှင့်မိသားစုဝင်လုပ်အား၂ ယောက်ရှိပြီး ရပ်တည်နိုင်မှု အလယ်အလတ်တွင်ရှိပါသည်။** ပညာရေးလုပ်ငန်း၁ခုရှိပြီး လုပ်သားဝန်ထမ်း ၅ယောက်ရှိပါသည် ။ရပ်တည်နိုင်မှု **အလယ်အလတ်တွင်ရှိပါသည်။**

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည် (မြို့/ ရွာ)** | ကျောက်မီးဈေး | ဈေးချို |
| **ရွာမှအကွာအဝေး (မိုင်)** **(အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)** | ၀ မှ ၁ မိုင်☑ ၁မိုင်မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင်☑ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐ |
| **သယ်ယူပို့ဆောင်ရေးနည်းလမ်း** | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ်☑ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☑ ကား/ထော်လာဂျီ ☑ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

**ရင်းမြစ်** … **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့် အနီးဆုံးဈေး ကျောက်မီးဈေးသည် ၀မိုင်မှ ၁မိုင်အထိ ရှိပါသည် ။ အကြီးစားဈေးကွက်မှာ ဈေးချိုဖြစ်ပြီး ၁၁မိုင် မှ ၂၀မိုင်ခန့်အတွင်း ရှိပါသည်။**

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ[26]

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| **ရွာတွင်းလမ်း** | ၁☐၂☑၃☐<br>၄☐၅☐ | ကောင်း☑<br>သင့်☐<br>ညံ့☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး<br>☑ | ၀–၁ မိုင်☑<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| **ချဉ်းကပ်လမ်း** | ၁☐၂☑၃☐<br>၄☐၅☐ | ကောင်း☑<br>သင့်☐<br>ညံ့☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး<br>☑ | ၀–၁ မိုင်☑<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| **ရွာချင်းဆက်လမ်း** | ၁☐၂☑၃☐<br>၄☐၅☐ | ကောင်း☑<br>သင့်☐<br>ညံ့☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး<br>☑ | ၀–၁ မိုင်☑<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်းလမ်းမှာ ကျောက်ခင်းလမ်းဖြစ်ပါသည်။ ရွာချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းတို့မှာလည်း ကျောက်ခင်းလမ်းဖြစ်ပါသည်။**

## (၅.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☐ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ရေကြောင်းသယ်ယူပို့ဆောင်ရေးအသုံးပြုခြင်းမရှိပါ။**

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ28

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | | | ၂၈ | ၂၈၉ | ၁ | ၁၃ | ၁၈ | | ၄ |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။** **။ ကျေးရွာတွင်** သယ်ယူပို့ဆောင်ရေးယာဉ်များ အနေဖြင့် စက်ဘီး ၂၈စီး၊ မော်တော်ဆိုင်ကယ် ၂၈၉ စီး၊ သုံးဘီးဆိုင်ကယ် ၁ စီး၊ ထော်လာဂျီ ၁၃ စီး၊ ကား ၁၈စီး နှင့် နွားလှည်း ၄ စီးရှိပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) **လျှပ်စစ်မီးရရှိမှု အခြေအနေ**29

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | ၁၇၅ |
| ဆိုလာစနစ် | ၁၅ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၂ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | |

**အရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်အိမ်ထောင်စု ၁၇၅စုမှာ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပါသည်။ အိမ်ထောင်စု၁၅စုမှာ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးသုံးစွဲလျက်ရှိကြောင်း၊ လေ့လာသိရှိရပါသည်။အိမ်ထောင်စု ၂ စုမှာ ဒီဇယ်သုံးအင်ဂျင်ဖြင့်လျှပ်စစ်မီး အသုံးပြုလျက် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။**

## (၅.၆) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၂၈၀ | ၆ | ၁၇၁ |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ ဖုန်းအသုံးပြုလျက်ရှိပါသည်။ တီဗွီမှာလည်း အိမ်ထောင်စုထက်ဝက်ခန့် အသုံးပြုလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။**

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

**ဇယား** (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၃၉ | ၅၁ | ၉၀ |
| အလယ်တန်း | ၂၇ | ၂၇ | ၅၄ |
| အထက်တန်း | ၂၁ | ၁၄ | ၃၅ |
| တက္ကသိုလ်/ကောလိပ် | ၁၁ | ၂၂ | ၃၃ |

**ရင်းမြစ် …** (၁) **ကျောင်းဝင်စာရင်း၊** (၂) **ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်းကျောင်းသားဦးရေများပြားပါသည်။ တက္ကသိုလ်ကျောင်းသားအရေအတွက် နည်းပါးပါသည်။ အဘယ်ကြောင့်ဆိုသော် အထက်တန်းပြီး ချိန်တွင် မိသားစုစီးပွားရေးအခြေ အနေအရ လုပ်ငန်းခွင်များသို့ ဝင်ရောက်လုပ်ကိုင်သူ များပြား ခြင်းကြောင့် အရေအတွက်ကွာခြားရခြင်းကို လေ့လာတွေ့ရှိရပါသည်။**

### (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း☑<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☑ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ |
| **ခ။**ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။**သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☑<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☑<br>စက်ဘီး ☑<br>ဆိုင်ကယ် ☑<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၃၂၇၅ | | |
| **င။**အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း☑သင့်☐ညံ့☐ | ကောင်း☑သင့်☐ညံ့☐ | ကောင်း☑သင့်☐ညံ့☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **စ။**ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည် ☑ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည် ☐ မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☑ ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐ | | |
| **ဇ။**ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ☑ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☑ တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☑ တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဈ။**ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | | ၅ | ၅ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊** (၂) **မိဘဆရာအသင်း။**

**မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်းအဆင့်ရှိပြီး ခရီးမိုင်မှာ ၀ မိုင်မှ ၁ မိုင်အထိ ရှိပါသည်။** စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာမှာ ၃၂၇၅ စတုရန်းပေ ရှိပေသည်။ ကျောင်းတွင် အစိုးရခန့် ဆရာမ ၅ ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* |
|---|---|---|
| *၁* | ဝမ်းပျက်ဝမ်းလျှော | *မြင့်* ☐ *နိမ့်* ☑ *မရှိ* ☐ |
| *၂* | သွေးလွန်တုပ်ကွေး | *မြင့်* ☐ *နိမ့်* ☑ *မရှိ* ☐ |
| *၃* | ငှက်ဖျား | *မြင့်* ☐ *နိမ့်* ☐ *မရှိ* ☑ |
| *၄* | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | *မြင့်* ☐ *နိမ့်* ☑ *မရှိ* ☐ |
| *၅* | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | *မြင့်* ☐ *နိမ့်* ☐ *မရှိ* ☑ |
| *၆* | တီဘီ | *မြင့်* ☐ *နိမ့်* ☑ *မရှိ* ☐ |
| *၇* | ဆီးချို | *မြင့်* ☐ *နိမ့်* ☑ *မရှိ* ☐ |
| *၈* | သွေးတိုး | *မြင့်* ☑ *နိမ့်* ☐ *မရှိ* ☐ |
| *၉* | အသည်းရောဂါ ( ဘီ၊ စီ) | *မြင့်* ☐ *နိမ့်* ☑ *မရှိ* ☐ |
| *၁၀* | အာဟာရ ချို့တဲ့မှု | *မြင့်* ☐ *နိမ့်* ☐ *မရှိ* ☑ |
| *၁၁* | အခြား ကူးစက်နိုင်သော ရောဂါများ | *မြင့်* ☐ *နိမ့်* ☐ *မရှိ* ☑ |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ရောဂါပြင်းထန်လျှင် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့**

**သွားရောက် ကုသရကြောင်း လေ့လာတွေ့ ရှိရပါသည်။ကျေးရွာတွင် သွေးတိုးရောဂါ ဖြစ်နိုင်မှု မြင့်ပေသည်။ သို့သော်လည်း ကျန်ရောဂါဖြစ်ပွားမှုနှုန်းမှာ နိမ့်ပေသည် ။**

**(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

**ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✓ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | ✓ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✓ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✓ | |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ **ကာကွယ်ဆေးထိုးနှံမှုမှာ အဆုတ်ရောဂါအတွက်သာ မရှိသော်လည်း ကျန်ကာကွယ်ဆေးထိုးနှံမှုအတွက်**ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ၊ ပိုလီယို ရောဂါ ၊မေးခိုင်(ကိုယ်ဝန်ဆောင် ကာလအတွင်း)၊ ဝက်သက်ရောဂါ၊ အခြား စုပေါင်း **ကာကွယ်ဆေးထိုးနှံမှု ၊** အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)၊ အာဟာရပညာပေး အစီအစဉ်များဖြင့် **ကာကွယ်ဆေးထိုးနှံမှု** ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☑<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☑<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ☑<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☑<br>၃ မိုင် မှ ၅ မိုင် ☐ | ရှိ ☑<br>မရှိ ☐ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| | ၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်ကျန်းမာရေးဆေးပေးခန်း(၁)ခုရှိပြီး အရေးပေါ် အခြေအနေဖြစ်ပေါ်လာပါက ကျောက်မီးတိုက်နယ်ဆေးရုံ၊ မြို့ပုသိမ်ကြီးနယ်ဆေးရုံသို့ သွားရောက်ကုသရကြောင်း တွေ့ရှိရပါသည်။**

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၁) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု(မိုး၊ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၁၃၆ | ကောင်း☐ သင့်☑ ညံ့☐ | မိုး၊ ဆောင်း၊နွေ |
| အဝီစိတွင်း/ စက်တပ် | ၄၈ | ကောင်း☐ သင့်☑ ညံ့☐ | မိုး၊ ဆောင်း၊နွေ |
| အဝီစိတွင်း/ တုံကင် | ၁ | ကောင်း☐ သင့်☐ ညံ့☐ | မိုး၊ ဆောင်း၊နွေ |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | မိုး၊ ဆောင်း၊နွေ |
| မြစ်/ချောင်းရေ | | ကောင်း☐ သင့်☑ ညံ့☐ | မိုး၊ ဆောင်း၊နွေ |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | မိုး၊ ဆောင်း၊နွေ |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | မိုး၊ ဆောင်း၊နွေ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေတွင်း ၁၃၆ခု၊ အဝီစိတွင်း/စက်တပ် ၄၈ခုနှင့် အဝီစိတွင်း/တုံကင် ၁ခုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။**

### (၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၁၀ |
| ရေလောင်း/ယင်လုံအိမ်သာ | ၂၇၆ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၁ |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိအိမ်ထောင်စုတိုင်း ကျန်းမာသန့်ရှင်းသော** ရေဆွဲ အိမ်သာ ၁၀ လုံး၊ ရေလောင်း/ယင်လုံအိမ်သာ ၂၇၆လုံး အသုံးပြုလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ တွင်း/ဇလားအိမ်သာ ၁ခု၊ တွင်းမရှိ အိမ်သာ၊ အိမ်သာမရှိသော အခြေအနေတွင်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၈) ဘေးအန္တရာယ်များ**

**ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ**

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မရှိပါ။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မရှိပါ။ |
| ၃ | ရေကြီးခြင်း | မရှိပါ။ |
| ၄ | မိုးခေါင်ခြင်း | စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေရရှိရန် အနည်းငယ် အခက်အခဲရှိနိုင်ပါသည်။ |
| ၅ | အအေးလွန်ကဲခြင်း | မရှိပါ။ |
| ၆ | မုန်တိုင်း | မရှိပါ။ |
| ၇ | လျှော် | ရံဖန်ရံခါရှိသော်လည်း လျှော်ပြင်းထန်ခြင်း မရှိ၍ ပျက်စီးဆုံးရှုံးမှုမရှိပါ။ |
| ၈ | မီးဘေး | ရံဖန်ရံခါရှိသော်လည်း ပျက်စီးဆုံးရှုံးမှုနည်းပါသည်။ |
| ၉ | ဆားငန်ရေဝင်မြေ | မရှိပါ။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မရှိပါ။ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိပါ။ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁၂ | ငှက်ဖျားရောဂါ | မရှိပါ။ |
| ၁၃ | တီဘီရောဂါ | တခြားသူများသို့ ကူးစက်နိုင်ရန် အလားအလာအနည်းငယ်ရှိသည်။ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိပါ။ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မရှိပါ။ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မရှိပါ။ |
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မရှိပါ။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိုးခေါင်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေရရှိရန် အနည်းငယ် အခက်အခဲရှိနိုင်ပါသည်။ ရံဖန်ရံခါရှိသော်လည်း လျှော်ပြင်းထန်ခြင်း မရှိ၍ ပျက်စီးဆံးရှုံးမှုမရှိပါ။ မီးဘေးသည်လည်း ရံဖန်ရံခါရှိသော်လည်း ပျက်စီးဆုံးရှုံးမှုနည်းပါသည်။**

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ**

**ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ**

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီဩဇာအခြေအနေ | လတ် | သုံးစွဲရန်သင့်တော်သော အခြေအနေတွင်ရှိသည်။ |
| အပင်မျိုးစိတ်များ | | |
| ရေအရင်းအမြစ် | | |
| ငါးမျိုးကွဲများ | | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေဆီဩဇာအခြေအနေမှာ အလယ်အလတ်တွင်ရှိပြီး သုံးစွဲရန် သင့်တော်သော အခြေအနေတွင်ရှိသည်။**

**(၁၀) ကျား – မ ရေးရာ**

ဇယား (၂၅) ကျား – မ ရေးရာ

| # | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| *၁* | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | *ရှိ*☐ | *မရှိ*☑ |
| *၂* | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ | *ရှိ*☑ | *မရှိ*☐ |

| # | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| | တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | | |

**ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျား – မ ရေးရာ အခြေအနေတွင် ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု မရှိကြောင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်အဖွဲ့အစည်းများ တွင်အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်မှုရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။